# ပင်းသိဒ်

# မဟာမြိုင်စခန်း

# အဝင်လမ်း

(မဟာဂန္ဓာရီမှတ်တမ်း)




GRAPHIC
KYAW ZINN
095089065

# အခန်း (၁)
# ဦးသူတော်နှင့် မိတ်ဆွေဖြစ်ရခြင်း

တစ်နေ့တွင် ကျွန်ုပ်သည် ရွှေတိဂုံဘုရားပေါ်သို့တက်၍ တနင်္ဂနွေထောင့်ရှိ ခေါင်းလောင်းကြီးတစ်စောင်းတွင် စိတ်အေးလက်အေးထိုင်ကာ ဦးတည်ချက်မရှိ ဟိုတွေးဒီတွေး တွေးနေမိလေ၏။ ထိုအချိန်၌ ကျွန်ုပ်အနီးသို့ လူကြီးတစ်ဦး ရောက် လာပြီးလျှင် ထိုလူကြီးက ကျွန်ုပ်ထံတွင် ဆေးလိပ်မီးတို့ ရန် မီးခြစ်ငှားရာမှ စ၍ စကားစမြည်ပြောရင်းရင်းနှီးသောအဖြစ်သို့ ရောက်သွားလေတော့၏။

ထိုလူကြီး၏ အမည်မှာ ဦးသူတော်ဟူ၍ ဖြစ်ပြီး တစ်ခါက သူသည် နိုင်ငံတော် ကောက်ပဲသီးနှံရုံးတွင် ရုံးအုပ်ကြီးအဖြစ် လုပ်ကိုင်ခဲ့ဖူးကာ အသက်(၆၀)ပြည့်သောအခါ ပင်စင်ယူလိုက်ရလေ၏။

'မောင်အောင်ထွန်းရယ် ကျုပ်က တစ်ယောက်တည်းသမားပါ။ ဒါပေမဲ့ ကျုပ်ရတဲ့ ပင်စင်လစာနဲ့ တော့ မလောက်တာအမှန်ပဲဗျ၊ အဲဒီတော့လည်း အရောင်းအဝယ်လေး ဘာလေးကူရတာပေါ့ဗျာ'

ဟု ဆိုသဖြင့် ကျွန်ုပ်က

'ဘာတွေများ အရောင်းအဝယ် လုပ်ပါသလဲ ဦးသူတော်'

ဟု မေးမိလေ၏။

'အပေါင်ဆိုင်တွေမှာ အပေါင်ဆုံးတဲ့ ပစ္စည်းတွေရောင်းတဲ့ အခါ ကျု

ပ်ကဝယ်ထားပြီး အဲဒီပစ္စည်းတွေကို နယ်တွေမှာ သွားပြီး ရောင်းတယ်။ အဲဒီအလုပ်လေးကြောင့် စားနိုင်လှူနိုင် ဆေးကုသနိုင်ပါတယ်။ နယ်တွေဆိုပေမဲ့ နယ်ဝေးကြီးတွေ မသွားရပါဘူး၊ သန်လျင်လောက်၊ ဒီဘက်ဆိုရင်လည်း တိုက်ကြီးလောက်၊ လှည်းကူးလောက်၊ မှော်ဘီလောက်ပါပဲ။ အဲဒီလို သွားရောင်းပြီ ဆိုရင်တော့ အိမ်နားက ကလေးတစ်ယောက် နှစ်ယောက်လောက် မုန့်ဖိုးပေးပြီး ခေါ်သွားရတယ်။ ကျုပ်တစ်ယောက်တည်း မနိုင်ဘူးလေ။ မုန့်ဖိုး ပဲဖိုးပေးရုံတင် မကဘူး၊ နံနက်စာပါကျွေးပြီး လက်ဖက်ရည်ပါတိုက်ရသေးတာပေါ့။ ဈေးနဲ့ မလှမ်းမကမ်း နေရာလောက်မှာ ရှိတဲ့ ကွက်လပ် တစ်ခုမှာ တာပေါ်လင်ပြားကြီးခင်းပြီး ပစ္စည်းတွေကို သူ့အမျိုးအစားနဲ့ သူ ပုံလိုက်တာပေါ့။ အဲဒီလို ပုံပြီးပြီ ဆိုရင်တော့ ကလေးတစ်ယောက်ကို ပါသွားတဲ့ မောင်းကို ထုခိုင်းလိုက်တယ်။

''ဒူ ... ဒူ ... ဒူ" နဲ့ မောင်းထုသံလည်း ကြားရော လူတွေအုံလာတော့တာပဲ၊ အဲဒီအခါမှာ ကျုပ်က ရောင်းလိုတဲ့ ပစ္စည်းတစ်ခုကို ထောင်ပြလိုက်တယ်။ ဘာပစ္စည်း ဖြစ်တယ်ဆိုတာလည်း အော်လိုက်တာပေါ့။ အဲဒီအခါမှာ အုံနေတဲ့ လူတွေအထဲက တစ်ယောက်ယောက်က ဈေးထပေးတော့တာပါပဲ။

တစ်ယောက်က တစ်ရာလို့ ပေးရင် သူ့ထက်လိုချင်တဲ့ လူကတစ်ရာ့ငါးဆယ်လို့ ပေးတော့တာပေါ့၊ နောက်တစ်ယောက်က တစ်ရာ့ခုနှစ်ဆယ်ငါးကျပ်လို့ ပေးတော့တာပေါ့။ ဈေးက ငြိမ်သွားပြီး ဆက်လိုက်မလာဘူး ဆိုရင်တော့ ကျုပ်က သုံးကြိမ်အော်ပြီး နောက် ဆုံးရတဲ့ ဈေးနဲ့ ပေးလိုက်ရတော့တာပေါ့'

ဟု ဦးသူတော်က ပြောပြလေ၏။

'ဦးသူတော်ဥစ္စာက ဈေးရောင်းတာမှ မဟုတ်ပဲ၊ လေလံပြစ်တာပဲ'

ဟု ကျွန်ုပ်က ထောက်လိုက်လျှင် ၎င်းက ပြုံး၍

'မှန်တာပေ့ါ မောင်အောင်ထွန်းရယ်၊ လေလံပြစ်တယ်ဆိုတာ သက်ဆိုင်ရာက လိုင်စင်တွေ ဘာတွေလိုတယ်။ အခု ကျုပ်လုပ်တာက လေလံလိုလို၊ လေမလံလိုလို လုပ်စားရတာပေ့ါ။ အဲဒီက မြတ်စွန်းတဲ့ ပိုက်ဆံကလေးနဲ့ အသက်ဆက်နေရတယ် မောင်အောင်ထွန်းရေ ... ဒါလေးနဲ့ လှူနိုင် တန်းနိုင်ပါရဲ့ ၊ ဆေးဝါး ကုသဖို့ စရိတ်လည်း ရပါရဲ့ ၊ ဘုရားသွားကျောင်းတက်လည်း လုပ်နိုင်ပါရဲ့ ၊ အပေါင်ဆုံးပစ္စည်းတွေ ဝယ်တယ်ဆိုပေမဲ့ ရွှေတွေ ကျောက်တွေတော့ မကိုင်နိုင်ပါဘူး ... တခြားပစ္စည်းတွေပဲ ကိုင်တာပါ။ တခြားပစ္စည်းတွေမှာ တောင် ရှေးဟောင်းပစ္စည်းဆို မကိုင်ရဲသေးဘူးဗျ၊ အဲဒီပစ္စည်းက ဥပဒေနဲ့ ငြိတယ်လေ။'

ဟု ဦးသူတော်က ပြောပြလေ၏။

ထိုအခါ ကျွန်ုပ်က

'ရှေးဟောင်းပစ္စည်းဟုတ်တယ်၊ မဟုတ်ဘူး ဆိုတာ ဘယ်လိုဆုံးဖြတ်မလဲ ဦးသူတော် ရဲ့ '

ဟု မေးလိုက်ရာ ဦးသူတော်က

'မေးသင့်တဲ့ မေးခွန်းပါပဲ'

'ဘယ်ပစ္စည်းမဆို နှစ်လေးဆယ် ကျော်ရင် ရှေးဟောင်းပစ္စည်းထဲ ထည့်ရတယ်လို့ ဥပဒေရှိတယ်။ အဲဒီပစ္စည်းကို နိုင်ငံတော်ကပိုင်တယ်။ ဘယ်သူမှ မပိုင်တော့ဘူး။ တိုင်းပြည်ကပဲပိုင်တယ်။ ဒါကြောင့် တိုင်းပြည်တစ်ပြည်မှာ ရှိတဲ့ ပစ္စည်းကို တိုင်းပြည်က ဥပဒေလုပ်ထားရတာပေ့ါ။

နောက်တစ်ခုက ပစ္စည်းတစ်ခုက သူဘာသူ ဒီအတိုင်းဟောင်းနေလည်း ပဲ ရှေးဟောင်းပစ္စည်း မဖြစ်ဘူး၊ လူသုံးပြီးမှ ရှေးဟောင်းပစ္စည်း ဖြ

စ်တယ်။ ဥပမာ ကျောက်တောင်ကြီးဟာ နှစ်နှစ်သန်းရှိတယ်ဆိုပါတော့၊ အဲဒီကျောက်တောင်ကြီးကို ဖဲ့ပြီး ဘယ်သူကရောင်းခဲ့ဘူးလဲ။ စောစော ကပြောခဲ့တဲ့ ကျောက်တောင်ကြီးကို ရုပ်ကျည်ပွေ့လုပ်ခဲ့ဘူးမယ်။ အဲဒီ ရုပ်ကျည်ပွေ့ကို အလောင်းဘုရားရဲ့ မိန်းမကယူသုံးဖူးတယ်ဆိုပါတော့ ၊ အဲဒီပစ္စည်းကရှေးဟောင်းပစ္စည်းဖြစ်သွားပြီ။ အဲဒီပစ္စည်းကို ကျုပ်တို့ က ရောင်းလို့ ဝယ်လို့ မရတော့ဘူး။ ယဉ်ကျေးမှုပစ္စည်း၊ ရှေးဟောင်းပစ္စ ည်းကို ထိန်းသိမ်းတဲ့ ဥပဒေရှိတယ်။ အဲဒီပစ္စည်းကို ဘယ်သူမှ လဲမပိုင် တော့ဘူး။ တိုင်းပြည်ကပိုင်သွားပြီ။

အဲဒီမှ တခြားပိုင်ရှင်ပေါ်မလာနဲ့ တော့ အသိအမှတ်ပြုစရာမလို တော့ဘူး။ ဥပမာကွာ ရှေးက စာဆိုတော်ကြီး ဦးပုညရေးခဲ့တဲ့ ကဗျာ တွေ ဆိုပါတော့ အခုခေတ်မှာ ပြန်ရိုက်ချင်တယ်။ ဘယ်သူ့ကို စာမူခသွားပြီးပေးရမှာ လဲ။ ဒီလိုပဲ ရိုက်လိုက်တာပါပဲ'

ဟု ပြောလိုက်လျှင် ကျွန်ုပ်လည်း ဦးသူတော်ကြီး၏ စေ့စပ်ပုံကို သ ဘောကျ၍ ပြုံးမိလေတော့၏။

'နောက်တစ်ခုပြောလိုက်ဦးမယ် မောင်အောင်ထွန်းရေ၊ အဲဒီ ရှေး ဟောင်းပစ္စည်းကို ရောင်းဖို့ မပြောနဲ့ သူတစ်ပါးကိုကြည့်ဖို့ ပြသမယ်ဆို ရင်တောင် ရှေးဟောင်းဌာနတို့ ၊ ယဉ်ကျေးမှုတို့ ကနေ ခွင့်တောင်းရတ ယ်။ ကိုယ့်သဘောနဲ့ ကိုယ် ပြခွင့်မရှိဘူး။

ဥပမာ - မောင်အောင်ထွန်းဆီမှာ မင်းတုန်းမင်းကြီးထားခဲ့တဲ့ ကွမ်း အစ်ကလေးတစ်လုံးနဲ့ ဘိုးတော်ဘုရား ကလေးဘဝကကစားခဲ့တဲ့ မြင်း ရုပ်ကလေးတစ်ရုပ်ရှိတယ် ဆိုပါစို့။ အဲဒါကို အများကို ပြမယ်ဆိုရင် သ က်ဆိုင်ရာကို ခွင့်တောင်းရတယ်။ သက်ဆိုင်ရာက လာပြီး စစ်ဆေးတ ယ်။ ပြီးတော့မှ ပြခွင့်ပြုတယ်။ ကိုယ့်သဘောနဲ့ ကိုယ် ပြလို့ မရဘူးနော်'

ဟု ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က

'သဘောပေါက်ပါပြီ ဦးသူတော်ရယ် ပစ္စည်းတွေကတော့ မျိုးကို စုံနေမှာ ပဲနော်'

ဟု မေးလိုက်ရာ

'စုံနေတာပါပဲ..စုံနေတာပါပဲ ပြီးခဲ့တဲ့ လကကျုပ်သွားပြီးရောင်းတဲ့ ပစ္စည်းတွေထဲမှာ အနီရောင်(ဆွမ်း) ဖောင်တိန်လေးတစ်လက် ပါတယ်... အဲဒီဖောင်တိန်မှာ က သင်္ကေရာဇ်လည်း ထိုးထားတယ် ... "အချစ်ဆီစာရေးဖို့ "ဆိုတဲ့ စာကလေးတစ်ကြောင်းလည်း ပါတယ်။ သန်လျင်ကအချစ်ဝတ္ထုရေးဆရာပေါက်စတစ်ယောက်က သုံးထောင်နဲ့ ဆွဲသွားတယ်၊ ကျုပ်လည်း မလွှတ်ချင်လွှတ်ချင်နဲ့ လွှတ်လိုက်ရတယ်၊ အဲဒီ ငွေသုံးထောင်ကို အိမ်နားက ဘုန်းကြီးကိုးပါးပင့်ပြီး ဆွမ်းကပ်လိုက်တယ်'

ဟု ပြောလေတော့၏။ ထိုအခါ ကျုပ်က

'ဦးသူတော်အလုပ်က စိတ်ဝင်စားစရာပါပဲ'

ဟု ပြောရာ ဦးသူတော်က

'အလွန်စိတ်ဝင်စားစရာ ကောင်းတဲ့ အလုပ်ပါ မောင်အောင်ထွန်းရယ်၊ ကျုပ်နဲ့ တစ်ခေါက်လောက် လိုက်ကြည့်ပါလား။ ကိုယ်ကဝယ်တဲ့နေရာရော၊ ကိုယ်က ရောင်းတဲ့ နေရာရော လိုက်ကြည့်ပေါ့။ စိတ်ဝင်စားတော့လည်း ငွေလေး အနည်းအပါးရှာပြီး လုပ်စမ်းကြည့်ပေါ့။ ပျော်ဖို့ကောင်းပါတယ်။ ဟိုး . . တစ်ပါတ်ကလည်း ကျုပ်ရောင်းခဲ့တဲ့ အထဲမှာ လက်ဆွဲ ဘာဂျာအဟောင်းတစ်လုံးပါတယ် . . အဲဒီမှာ က "တင်တင်" လို့ နာမည် ထိုးထားတာကိုလည်း တွေ့တယ်။

အဲဒီဘာဂျာကြီး လေလံပြစ်လိုက်လို့ ပေါ့၊ နို့မို့ဆိုရင် ကျုပ်တော့ မလွ

ယ်ဘူး။ ကျုပ်တပည့်တွေ မဆွဲတတ် ဆွဲတတ်နဲ့ တစ်ယောက်ပြီးတစ်ယောက် ဆွဲတာ နားကို ပူနေတာပဲ .. ဘာဂျာက ပိုးဖောက်ထားလို့ လေ မလုံတော့ဘူး။ တိတ်ကလေးနဲ့ ကပ်ထားရတယ်။ ကျန်တဲ့ နေရာတွေက တော့ အကောင်းအတိုင်း ပါပဲ။ အဲဒါကို ဦးဇင်းတစ်ပါးက လေးရာနဲ့ ဆွဲသွားတယ်။ ယူမသွားသေးဘူး။ သူက ပရိသတ်ကို ပြုံးပြပြီး စမ်းပြီး ဆွဲကြည့်သေးတယ်။ စမ်းတဲ့ သီချင်းကလည်း (တေးဘုံမွှာ)သီချင်းကွဲ့။ နားထောင်လို့ အရသာရှိလိုက်တာကွယ်။ ပရိသတ်ကတော့ လက်ခုပ် တစ်ဖြောင်းဖြောင်းနဲ့ ပေ့ါ။ အဲဒီ ဦးဇင်းကလေးက ကျောင်းက ဒီအနားမှာ တင် ဆရာတော်သိရင် ဆူလိမ့်မယ်ဆိုပြီး သတင်းစာစက္ကူနဲ့ ထုပ်ပြီး ယူသွားလေရဲ့ ။'

ဟု ပြောလေတော့၏။ ထို့နောက် ဦးသူတော်က

'နေစမ်းပါဦး မောင်အောင်ထွန်းရဲ့ မင်းကဘုရားကို ရိုးရိုးတက်တာလား၊ ပုတီးစိပ်မလို့ တက်တာလား'

ဟု ဒိုးကနဲ၊ ဒက်ကနဲ မေး လိုက်လေတော့၏။

ထိုအခါ ကျွန်ုပ်က

'ရိုးရိုးတက်တာပါ ဦးသူတော် . . ဒါပေမဲ့ ကျုပ်အနေနဲ့ ပုတီးလည်း စိပ်ချင်ပါတယ်။ ဘယ်ကစပြီး စိပ်ရမှန်း မသိသေးလို့ မစိပ်သေးတာပါ။ ဦးသူတော် သိရင်လည်း ကျုပ်ကို သင်ပေးပါဗျာ'

ဟု ပြောလိုက်ရာ ဦးသူတော်က

'သိပါတယ်...ကျုပ်လည်း စိပ်ပါတယ်။ သင်ပေးရမှာ ပေ့ါ။ လွန်ခဲ့တဲ့ ငါးလလောက်က လေလံပစ်တဲ့ ပစ္စည်းတွေထဲမှာ မှတ်စု စာအုပ်တစ်အုပ်ပါလာတယ် . . အဲဒီ မှတ်စုမှာ ရေးထားတာကတော့ ကလောင်တံနဲ့

ရေးထားတဲ့ ရှေးလက်ရေးပဲ။ ရှေးလက်ရေး ဆိုပေမဲ့ မရှုပ်ဘူး ...ဖတ်တဲ့ လူကို ရှင်းကနဲနေအောင် ရေးထားတာ ... မှတ်စုစာအုပ် နာမည်က 'ပ တီးစခန်း အနီးလမ်း'တဲ့ ကျုပ်က အဲဒီမှတ်စုစာအုပ်ကလေးကို လေလံ ထဲ မထည့်ဘဲ သိမ်းထားတယ်။ ပြီးတော့ သေသေချာချာ ဖတ်ပြီး မှတ်စု ထပ်ထုတ်ထားလိုက်သေးတယ်။ (မှတ်စုတူမှတ်စု) ပေါ့ ကျုပ်ရဲ့ မှတ်စု တူ မှတ်စုကိုတော့ 'အလွယ့်အလွယ် ပုတီးလမ်း လိုက်နည်း' လို့ နာမည် ပေးထားတယ်။ ဒီမှတ်စုကို ရေးခဲ့တဲ့ ပုဂ္ဂိုလ် ဟာ လောကကြီးမှာ ရှိ တော့မှာ မဟုတ်ပါဘူး .. ဒါပေမဲ့ သူ့ မှတ်စုကလေးက အတော်ကို အသုံး ဝင်တယ်။

မှတ်စုရေးတဲ့ ပုဂ္ဂိုလ်ဟာ တစ်ချို့နေရာတွေမှာ အင်္ဂလိပ်လိုတွေဘာ တွေရေးထားတော့ အင်္ဂလိပ်စာလည်း တတ်ပုံရပါတယ်။ ကျုပ်ဖြင့် အဲဒီ မှတ်စုကိုဖတ်ပြီး သဘောကျလွန်းလို့ ဒီအတိုင်းတောင်မထားဘူး။ ပလ ပ်စတစ်အိတ်ထဲ ထည့်ပြီးမှ ခေါင်းအုံးအောက်ထဲထည့်အိပ်တာပါ။ ကျမ်း ပြီးသက္ကရာဇ်ကို ၁၂၇၉လို့ ပြထားတယ်။ နှစ်ကိုးဆယ်ရှိပြီပေါ့ မောင်ရင် ရယ်...ကျမ်းပြုသူ ပုဂ္ဂိုလ်ရဲ့ နာမည်က "ဦးစိန်တစ်လုံး"တဲ့ နေရပ်လိပ်စာ က မအူပင်မြို့လို့ ထိုးထားတယ်။'

ဟု ပြောလေ၏။

'ဦးသူတော်ရယ် . . . ကျွန်တော် ကိုလည်း အဲဒီစာအုပ်ငှားပါ၊ ကျွန် တော် ပြန်ပြီးကူးထားပါမယ်။'

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးသူတော်က

'ဒီမှာ မောင်အောင်ထွန်း . . ကျုပ်က လူပျိုကြီးပါ။ အဲဒီတော့ သားသ မီးတွေ ဘာတွေမရှိပါဘူး။ တကယ်လို့ သမီးရှိရင် သမီးကို ငှားပါ' ဟု ပြောလေတော့၏ ကျွန်ုပ်နှင့် ဦးသူတော်သည် စကား အတန်ကြာပြောမိ

သောအခါ ခိုင်ခိုင်မာမာ မိတ်ဆွေဖြစ်သွားကြလေတော့၏။

ထို့ကြောင့် ကျွန်ုပ်က

'အလယ်ပစ္စယံက လက်ဖက်ရည်ဆိုင်မှာ ဦးသူတော် နဲ့ ကျွန်တော်နဲ့ မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ကျွန်တော်က လက်ဖက်ရည် တိုက်ပါ့မယ်။'

ဟု ပြောလိုက်ရာ ဦးသူတော်က

'အထိမ်းအမှတ်လုပ်တာ ကောင်းပါတယ်။ ကျုပ်က ဒီမနက်စာကို သက်သက်လွတ်ထမင်းဟင်းနဲ့ အဲဒီဆိုင်မှာ ကျွေးမယ်။ သက်သတ်လွတ် ထမင်းက အဲဒီဆိုင်မှာ သိပ်ကောင်းတာ..ရောင်းချတဲ့ မွန်အမျိုးသမီး လေးတွေကလည်း ရုပ်ရည် သန့်သန့်ပြန့်ပြန့်နဲ့ မွန် မလေးတွေ . . စကား ပြောတာ လည်း ဖေါ်ရွေတယ် . . ပြီးတော့ အဲဒီ့ဆိုင်ကရေဒီယိုလည်း အ ကျယ်ကြီးမဖွင့်ဘူး၊ ထမင်းစားရတာနားအေးပါးအေးလည်း ရှိတယ်။ ပဲ ကုလားဟင်း တစ်ခွက်ရယ်၊ အသီးအရွက်ကြော် တစ်ခွက်ရယ်မှာ ပြီး စားလိုက်ရုံပါပဲ၊ ငရုပ်သီးဆားထောင်းက အလကားပေးတယ်ကွ၊ ထမင်းစားပြီးတာနဲ့ ဘေးက ငှက်ပျောသီး ဖီးကြမ်းတစ်လုံး ဝယ်ပြီး စား လိုက်ပေါ့ကွာ . . '

ဟု ဦးသူတော်က ပြော လိုက်လေတော့သည် ။

*

# အခန်း (၂)
# ပုတီးစတင်စိပ်ရမည့်နေ့

ထို့နောက် ဦးသူတော်သည် အလယ်ပစ္စယံရှိ မွန်မလေးများ ထမင်းဆိုင်တွင် သက်သတ်လွတ်ဟင်းလျာများ ဖြင့် ကျွန်ုပ်အား ထမင်းကျွေးလေ၏။ ကျွန်ုပ်လည်း ထမင်းစားရင်း

'ဒီမှာ ဦးသူတော် ... ဘယ်နေ့မှာ ပုတီးစစိပ်ရမှာ လဲ'

ဟု မေးလိုက်ရာ ၎င်းက

'ဒီလိုပါကွာ...ရက်ရာဇာတွေ ပြဿဒါးတွေ ရွေးမနေနဲ့ ...မင်း ဘယ်နေ့သားလဲ၊ အဲဒီနေ့မှာ စလိုက်တာပေါ့'

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က

'ကျွန်တော် တနင်္ဂနွေသားပါ'

ဟု ပြန်၍ ပြောလျှင် ၎င်းက

'အေး ဒီလိုဆိုတော့လည်း အခုလာမဲ့ တနင်္ဂနွေ နေ့မှာ စလိုက်တာပေါ့ကွာ'

ဟု ပြန်၍ ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က

'အခုလာမဲ့ တနင်္ဂနွေနေ့ဆိုတော့ အင်္ဂလိပ် (၂၅)ရက်နေ့ကျတယ်၊ အဲဒါ ကျွန်တော့်ရဲ့ မွေးရက်ရောမွေးနေ့ပါ တိုက်တဲ့ နေ့ပေါ့၊ မှတ်မိရလွယ်

တာပေါ့'

ဟု ပြောလိုက်ရာ ဦးသူတော်က

'အေးကွာ . . နောက်ကိုလည်း မှတ်ထား အရေးကြီးတဲ့ ကိစ္စတွေလုပ်မယ်ဆိုရင် ရက်ရာဇာတွေ၊ ပြဿဒါးတွေ ရှည်ရှည်ဝေးဝေး ရွေးမနေနဲ့ကွာ . . ကိုယ့် မွေးနေ့ မှာ သာ လုပ်လိုက်ပေတော့ . . '

ဟု ပြော လိုက်လေတော့သတည်း . . . . ။

*